အမှတ်စဉ် - ၃

ပြည်သူ့လွှတ်တော်ရုံး




သုတေသနဌာန

# စီးပွားရေးဆိုင်ရာ

# ကိန်းဂဏန်းအချက်အလက်နှင့် ညွှန်းကိန်းများ




https://www.pyithuhluttaw.gov.mm/economic_news

**ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၄ ရက်**

## အကျဉ်းချုပ်

ဤစာတမ်းတိုသည် ပြည်သူ့လွှတ်တော်ရုံး၊ သုတေသန၊ နည်းပညာနှင့် နိုင်ငံတကာ ဆက်ဆံရေးဌာနကြီး၊ သုတေသနဌာန၏ သုတေသနဝန်ဆောင်မှုများအနက် တတိယအကြိမ်မြောက် ဆက်လက်ထုတ်ဝေသော ဝန်ဆောင်မှုအသစ်တစ်ခုဖြစ်ပါသည်။ မက်ခရို၊ မိုက်ခရို စီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို (၂) လ တစ်ကြိမ်ဖြင့် ထုတ်ဝေသွားရန် ရည်မှန်းချက်ထားရှိသည့် အားလျော်စွာ ထုတ်ဝေလျက်ရှိပါသည်။ ဤစာတမ်းတိုသည် ၂၀၂၀ ပြည့်နှစ်တွင် ဖြစ်ပေါ်ခဲ့သော စီးပွားရေးဆိုင်ရာ ကိန်းဂဏန်းများနှင့် အချို့အချက်အလက်ရရှိမှု ကာလပေါ်တွင် မူတည်၍ တင်ပြထားပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများအနေဖြင့် စီးပွားရေးဆိုင်ရာ အချက်အလက်များကို သိရှိစေရန် ရည်ရွယ်ရေးသားခြင်းဖြစ်ပါသည်။

ဤစာတမ်းတိုတွင် အကြောင်းအရာ (၁၀) ခုပါဝင်ပြီး အချို့သောအချက်အလက်များသည် နှစ်စဉ် သို့မဟုတ် သုံးလပတ်စဉ်အလိုက် ရရှိသောကြောင့်လည်းကောင်း၊ အချို့သောအကြောင်းအရာ များတွင် အချက်အလက်များကို လစဉ်ရရှိသောကြောင့်လည်းကောင်း၊ ရရှိမှုအပေါ် မူတည်၍ ပြုစုတွက်ချက် ဖော်ပြထားပါသည်။ လစဉ်ရရှိသော အချက်အလက်များကို နောင်တွင် လေးလပတ် အလိုက်နှိုင်းယှဉ်ခြင်း၊ တိုးတက်မှု၊ လျော့နည်းမှုများအား ဖော်ပြခြင်းဖြင့် ဆက်လက်ထည့်သွင်း ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ အကြောင်းအရာတစ်ခုစီတွင် ခေါင်းစဉ်နှင့်စပ်လျဉ်းသော သဘောတရားအနည်းငယ်ကို ဦးစွာဖော်ပြ၍ ကိန်းဂဏန်းများကို Table ၊ Bar Chart ၊ Line Graph နှင့် Pie Chart များဖြင့် အကျဉ်းချုပ်ရေးသား တင်ပြထားပါသည်။ ကိန်းဂဏန်းအချက်အလက် များကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် နေ့စဉ်ထုတ် သတင်းစာများမှလည်းကောင်း၊ အချို့အချက်အလက်များအား သက်ဆိုင်ရာ Website များမှလည်းကောင်း ရယူဖော်ပြထားပါကြောင်း တင်ပြအပ်ပါသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

၁။ မြန်မာ့စီးပွားရေးတိုးတက်မှုနှုန်း……………………………………………………..…..၃

၂။ နိုင်ငံခြားကုန်သွယ်မှု( Foreign Trade)…………………………………………………...….၄

၃။ ရင်းနှီးမြှုပ်နှံမှု(Investment)........................................................................................ ၆

၄။ COVIB–19 အတွင်း အလုပ်အကိုင်အခွင့်အလမ်းနှင့် စက်ရုံအခြေအနေများ .......................... ၈

၅။ ရန်ကုန်စတော့ဈေးကွက်အခြေအနေ ..................................................................... ၉

၆။ ပျမ်းမျှနိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ပြောင်းလဲမှုရာခိုင်နှုန်း.................................................၁၁

၇။ စားသုံးသူဈေးဆနှုန်း (Consumer Price Index – CPI)...................................................၁၃

၈။ ရွှေပျမ်းမျှဈေးနှုန်းနှင့် ပြောင်းလဲမှုရာခိုင်နှုန်း ....................................................................၁၅


၉။ စက်သုံးဆီပျမ်းမျှဈေးနှုန်းနှင့် ပြောင်းလဲမှုရာခိုင်နှုန်း .........................................................၁၇

၁၀။ စားသောက်ကုန်အချို့၏ ပျမ်းမျှဈေးနှုန်းနှင့် ပြောင်းလဲမှုရာခိုင်နှုန်း.................................၁၉

## မြန်မာ့စီးပွားရေးတိုးတက်မှုနှုန်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြန်မာ့စီးပွားရေးတိုးတက်မှုနှုန်းသည် ၆.၈ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် COVID-19 ကူးစက်ရောဂါကြောင့် ၀.၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားမည်ဟု ကမ္ဘာ့ဘဏ်မှခန့်မှန်းထားပါသည်။[1]

၂။ ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံ၏ GDP တိုးတက်မှုနှုန်းမှာ ၆.၈ ရာခိုင်နှုန်းဖြစ်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် COVID-19 ကူးစက်ရောဂါကြောင့် ကမ္ဘာ့နှင့်အဝန်းစီးပွားရေးကျဆင်းလာပြီး ယခု ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ GDP တိုးတက်မှုနှုန်းမှာ ၁.၈ ရာခိုင်နှုန်း (ခန့်မှန်း) ဖြစ်ကာ ၂၀၂၁ ခုနှစ်တွင် ၆ ရာခိုင်နှုန်းသို့ ပြန်လည်ရောက်ရှိနိုင်သည်ဟု ADB Bank မှ ခန့်မှန်းဖော်ပြ ထားပါသည်။[2] မြန်မာနိုင်ငံ၏ GDP တိုးတက်မှုနှုန်းအခြေအနေကို အောက်ပါ line Graph ဖြင့် ဖော်ပြထားပါသည်-




source: https://www.adb.org/countries/myanmar/economy


[1] ကိုဗစ်ကြောင့် မြန်မာစီးပွားရေးအခြေအနေသက်ရောက်မှုပြင်းထန်နိုင်သည်ဟု ကမ္ဘာ့ဘဏ်ခန့်မှန်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၆ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာမှ ကောက်နုတ်ရရှိပါသည်။

[2] https://www.adb.org/countries/myanmar/economy (Access Date 8.7.2020)

## နိုင်ငံခြားကုန်သွယ်မှု( Foreign Trade)

၃။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ မေလထိ - ယာယီ)နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ မေလထိ- ယာယီ) ကာလတူလအတွက် နှိုင်းယှဉ်ရာတွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၉၄ သန်းကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြည်ပပို့ကုန်တန်ဖိုးများကို ကာလတူနှိုင်းယှဉ်ပါက အောက်ပါအတိုင်း ဖြစ်ပါသည်-


**ပြည်ပပို့ကုန်အခြေအနေ(US $ သန်းပေါင်း)**




*source: ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက်နေ့ထုတ်ကြေးမုံ*

**မှတ်ချက်။** ပြည်ပပို့ကုန်ပစ္စည်းများ (လယ်ယာထွက်၊ တိရစ္ဆာန်ထွက်၊ ရေထွက်၊ သတ္တုတွင်းထွက်၊ သစ်တောထွက်၊ စက်မှုကုန်ချောနှင့်အခြားပစ္စည်း) အုပ်စုလိုက်ကာလတူနှိုင်းယှဉ်ရာတွင် တိရစ္ဆာန်ထွက်ပစ္စည်း၊ စက်မှုကုန်ချောပစ္စည်းနှင့် သစ်တောထွက်ပစ္စည်းတို့တွင် အနုတ်လက္ခဏာ ပြနေသည်ကိုတွေ့ရှိရပါသည်။

၄။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှမေလထိ - ယာယီ)နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အောက်တိုဘာလမှမေလထိ - ယာယီ) ကာလတူလအတွက် နှိုင်းယှဉ်ရာတွင် မြန်မာနိုင်ငံ၏ ပြည်ပသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁,၃၃၃ သန်းကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြည်ပသွင်းကုန်တန်ဖိုးများကို ကာလတူနှိုင်းယှဉ်ပါက အောက်ပါအတိုင်းဖြစ်ပါသည်-[3]





**မှတ်ချက်။** ပြည်ပသွင်းကုန်ပစ္စည်းများ (ရင်းနှီးမြှုပ်နှံမှုကုန်၊ လုပ်ငန်းသုံးကုန်ကြမ်း၊ လူသုံးကုန်) ကို ကာလတူအုပ်စုလိုက်နှိုင်းယှဉ်ရာတွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတွင် အနုတ်လက္ခဏာ ပြနေသည်ကိုတွေ့ရှိရပါသည်။

[3] ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်(အောက်တိုဘာလမှ မေလအထိ) (ယာယီ)တွင် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၂၅၃၃၀ သန်းဆောင်ရွက်နိုင်၊ ယခင်ဘဏ္ဍာနှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၁၉၂၇ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၇ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာမှကောက်နုတ်ရရှိပါသည်။

## ရင်းနှီးမြှုပ်နှံမှု(Investment)

၅။ ၂၀၁၈–၂၀၁၉ဘဏ္ဍာနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ၅.၈ ဘီလီယံ မျှော်မှန်းထားပြီး ယခု (၉) လ အတွင်း ၄.၄ ဘီလီယံဝင်ရောက်ထားပြီး ဖြစ်သည့်အတွက် မျှော်မှန်းချက်ပြည့်မီရန် ၁.၄ ဘီလီယံသာ လိုအပ်ပါသဖြင့် မျှော်မှန်းချက်ပြည့်မီနိုင်မည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားထားပါသည်။[4] ၂၀၂၀ ပြည့်နှစ်၊ မတ်လ၊ ဧပြီနှင့် မေလတို့တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားခြင်း အပါအဝင် ဆောင်ရွက်ခဲ့သောလုပ်ငန်းများ၏ အခြေအနေမှာအောက်ပါအတိုင်းဖြစ်ပါသည်–





*source: ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာ*

**မှတ်ချက်။** ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသော ပမာဏများမှာ စက်မှုကဏ္ဍ၊ အိမ်ရာအဆောက်အဦး ကဏ္ဍတို့ဖြစ်ပါသည်။


[4] ယခုဘဏ္ဍာနှစ် ကိုးလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၄.၄ ဘီလီယံဝင်ရောက်ထားပြီး မျှော်မှန်းချက် ပြည့်မီနိုင်မည်ဟုဆို၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ ကောက်နုတ်ရရှိပါသည်။

၆။ ၂၀၂၀ ပြည့်နှစ်၊ မတ်လ၊ ဧပြီနှင့် မေလတို့တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားခြင်းအပါအဝင် ဆောင်ရွက်ခဲ့သောလုပ်ငန်းများ၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -




*source: ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၇ ရက်နေ့ထုတ်*

**မှတ်ချက်။** ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသော ပမာဏများမှာ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍတို့ဖြစ်ပါသည်။





source: ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာ

## COVID-19 အတွင်း အလုပ်အကိုင်အခွင့်အလမ်းနှင့်စက်ရုံအခြေအနေများ

၇။ မြန်မာနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်နေ့မှစတင်၍ COVID-19 ကူးစက်ရောဂါ စတင်ဖြစ်ပွားခဲ့ပြီး နိုင်ငံ၏ ကျန်းမာရေးကဏ္ဍသာမက စီးပွားရေးကဏ္ဍကိုပါ များစွာသက်ရောက် ခဲ့ပါသည်။ ကျန်းမာရေးအခြေအနေများကြောင့် စက်ရုံ၊ အလုပ်ရုံများ ရပ်ဆိုင်းခဲ့ရပြီး အလုပ်ရှင် နှင့် အလုပ်သမားများအတွက် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့တွင် စက်ရုံ၊ အလုပ်ရုံပေါင်း ၆၆၀၀ ကျော်ရှိပြီး အလုပ်သမားအင်အား ၆ သိန်း ၈ သောင်းကျော် လုပ်ကိုင်လျက်ရှိပါသည်။

၈။ COVID-19 ရိုက်ခတ်မှုကြောင့် စက်ရုံကုန်ကြမ်းပစ္စည်းများ ဝင်ရောက်မှုမရှိခြင်း၊ နိုင်ငံတကာ အော်ဒါအမှာများ မရရှိခြင်းကြောင့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဧပြီလ ၁၅ ရက်နေ့ အထိ စက်ရုံအချို့များပိတ်သိမ်းရပ်စဲလိုက်ရပါသည်။ ထိုစက်ရုံများရှိ လုပ်သားအင်အား ၄ သောင်းခန့် အလုပ်လက်မဲ့ဖြစ်ပေါ်ခဲ့ပြီး တချို့အလုပ်ရှင်များ ထွက်ပြေးမှုကြောင့် လုပ်ခလစာမရရှိသည့် အခြေအနေများ ဖြစ်ပေါ်လျက်ရှိပါသည်။ အလုပ်ရှင်ထွက်ပြေးခဲ့သည့် စက်ရုံအချို့မှလုပ်သားများကို လုပ်ခလစာ မရရှိမှုအပေါ် စက်ရုံပစ္စည်းများကို လေလံတင်ရောင်းချ၍ ဖြေရှင်းရန် ကြိုးပမ်းခဲ့ သော်လည်း ငွေကြေးလုံလောက်မှုမရှိခဲ့ပေ။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရပ်နားပိတ်သိမ်းလိုက် သော လုပ်သားအင်အားနှင့်စက်ရုံများအခြေအနေများကို အောက်ပါ Bar Graph ဖြင့် ဖော်ပြ ထားပါသည်-[5]

**လုပ်သားအင်အားနှင့်စက်ရုံအရေအတွက်**




[5] ISP-Myanmar Special Series No.2 ၊ ကိုဗစ်-၁၉ က မီးမောင်းထိုးပြသော အရေးတကြီးပြင်ဆင်ရမည့် မြန်မာ့လူမှုဖူလုံရေး လိုအပ်ချက်များနှင့် အလုပ်သမများရေးရာ၊ ၂၀၂၀ ပြည့်နှစ်၊ မေလထုတ် စာအုပ်မှ ကောက်နုတ်ရရှိပါသည်။

## ရန်ကုန်စတော့ဈေးကွက်အခြေအနေ

၉။ ရန်ကုန်စတော့အိတ်ချိန်းသည် ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၈ ရက်နေ့တွင် စာရင်းဝင်ကုမ္ပဏီ (၆) ခုရှိပြီဖြစ်ပါသည်။ ဈေးကစားခြင်းကို စိတ်ဝင်စားသူတို့အတွက် ရန်ကုန်စတော့ဈေးကွက်သည် အလွန်စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။ ယခင်အမှတ်စဉ် (၂) တွင် စတော့ဈေးနှုန်းတက်ခြင်း/ကျခြင်းကို ဖြစ်ပေါ်စေသည့် အကြောင်းအရင်းအချို့ကို ဖော်ပြခဲ့ပြီး ဖြစ်သကဲ့သို့ ယခုအမှတ်စဉ်တွင်လည်း စတော့ဈေးနှုန်းကို ပြောင်းလဲစေသည့်နောက်ခံအကြောင်းအရာအချို့ကို ထပ်မံဖော်ပြထားပါသည်။ စတော့ဈေးနှုန်းများသည် နေ့စဉ်နှင့်အမျှအပြောင်းအလဲဖြစ်နေပြီး အချို့စတော့ရှယ်ယာများသည် အတက်ဈေးရှိသကဲ့သို့ အချို့ရှယ်ယာများမှာ အကျဈေး ဖြစ်နေတတ်ပါသည်။


၁၀။ စတော့ဈေးတက်ခြင်း၊ ကျခြင်းသည် နောက်ခံအကြောင်းအရင်းများစွာ ရှိနိုင်ပါသည်။ စတော့ရှယ်ယာထုတ်ရောင်းသော ကုမ္ပဏီ၏ဝင်ငွေ၊ ရှယ်ယာရှင်များ အပေါ်ပေးသော အမြတ်ငွေ၊ လုပ်ငန်းအသစ်များလက်ခံအလုပ်လုပ်နေမှု၊ ကုမ္ပဏီကိုဦးဆောင်နေသည့် ဒါရိုက်တာအဖွဲ့၊ ထိုသူတို့၏ အပြောင်းအလဲနှင့် ကျွမ်းကျင်မှုအပေါ်မူတည်ကာ ဈေးနှုန်းအတက်အကျ ဖြစ်လေ့ရှိပါသည်။ အစုရှယ်ယာရောင်းချသော ကုမ္ပဏီ၏ ပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ ကုမ္ပဏီ၏ ရပ်တည်မှုအနေအထားအပေါ်မူတည်၍လည်း ရှယ်ယာဈေးနှုန်း အပြောင်းအလဲ ဖြစ်တတ်ပါသည်။ ၎င်းအပြင် နိုင်ငံတော်အစိုးရ၏မူဝါဒ၊ စီးပွားရေးမူဝါဒ၊ နိုင်ငံရေးမူဝါဒများ အပေါ်လိုက်ပြီး ပြောင်းလဲတတ်သည် ဖြစ်ရာ စီးပွားရေးမူဝါဒထဲတွင် ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒတို့အပေါ်လိုက်ပြီး ပြောင်းလဲတတ်ပါသည်။ နိုင်ငံရေးမူဝါဒများကြောင့် သက်ရောက်မှုရှိနိုင်သကဲ့သို့ သဘာဝဘေးမူဝါဒများကြောင့်လည်း စတော့ဈေးအပြောင်းအလဲအပေါ် သက်ရောက်မှုရှိ နိုင်ပါသည်။

၁၁။ Covid- 19 အထွတ်အထိပ်ကာလဖြစ်သည့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် ရန်ကုန်စတော့အိတ်ချိန်း၏ အရောင်းအဝယ်ဖြစ်မှုပမာဏသည် ရှယ်ယာအရေအတွက် ၁၇၃,၀၀၀ ကျော်၏တန်ဖိုးကျပ် ၀.၉၀၂ ဘီလီယံအထိ ကျဆင်းသွားခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ မေ ၂၈ ရက်နေ့တွင် ရန်ကုန်စတော့အိတ်ချိန်း၌ ခြောက်ခုမြောက် စာရင်းဝင်ကုမ္ပဏီဖြစ်လာသည့် Ever Flow River Public Co., ltd (EFR) မှ ၎င်း၏အစုရှယ်ယာများကို စတင်ရောင်းချရာ မေလတွင် စာရင်းဝင်ကုမ္ပဏီ (၆) ခု၏ စုစုပေါင်းအရောင်းအဝယ်ဖြစ်သည့် ရှယ်ယာအရေအတွက် ၂၀၀,၄၁၆ ၏ တန်ဖိုးကျပ် ၁.၂ ဘီလီယံကျော် မြင့်တက်ခဲ့ခြင်း ဖြစ်ပါသည်။ သို့သော် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လတွင်မူ ရှယ်ယာ

အရောင်းအဝယ် သိသိသာသာ မြင့်တက်လာမှုမရှိဘဲ ကျပ် ၁.၃ ဘီလီယံကျော်သာ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့ပါသည်။[6]

၁၂။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ ရန်ကုန်စတော့အိတ်ချိန်း၌ အရောင်းအဝယ်ဖြစ်ခဲ့သည့် စုစုပေါင်းအစုရှယ်ယာအရေအတွက်နှင့် ရှယ်ယာတန်ဖိုးများကို အောက်ပါ Line Graph များဖြင့်ဖော်ပြထားပါသည်-


**၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ ဇွန်လထိ စတော့အိတ်ချိန်း၌ အရောင်းအဝယ်ဖြစ်သည့် စုစုပေါင်းရှယ်ယာအရေအတွက်**




Sources : Yangon Stock Exchange

**မှတ်ချက်။** အမြောက်အမြားအရောင်းအဝယ်ဖြစ်ပေါ်မှု (Block Trading) ပါဝင်ပါသည်။

**၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ ဇွန်လထိ စတော့အိတ်ချိန်း၌ အရောင်းအဝယ်ဖြစ်သည့် စုစုပေါင်းရှယ်ယာတန်ဖိုး**




Sources : Yangon Stock Exchange


**မှတ်ချက်** ။ အမြောက်အမြားအရောင်းအဝယ်ဖြစ်ပေါ်မှု (Block Trading) ပါဝင်ပါသည်။

[6] https://news-eleven.com/article/181284

## ပျမ်းမျှနိုင်ငံခြားငွေလဲလှယ်နှုန်းနှင့်ပြောင်းလဲမှုရာခိုင်နှုန်း

၁၃။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၊ မေလနှင့် ဇွန်လတို့၏ ပျမ်းမျှနိုင်ငံခြားငွေလဲလှယ်နှုန်း အတက်၊ အကျကို Bar Graph ဖြင့် အောက်ပါအတိုင်း ဖော်ပြထားပါသည်-

**ပျမ်းမျှနိုင်ငံခြားငွေလဲလှယ်နှုန်း (ကျပ်)**





*Source: ဗဟိုဘဏ်ပေါက်ဈေး*

**မှတ်ချက်။** အထက်ပါပုံအရ တရုတ် (ယွမ်) ပျမ်းမျှလဲလှယ်နှုန်းတစ်မျိုးတည်းသာ သိသာစွာ အတက်၊ အကျ ဖြစ်ခဲ့သလို ကျန်ပျမ်းမျှနိုင်ငံခြားငွေလဲလှယ်နှုန်းများမှာ အနည်းငယ် အတက်၊ အကျသာ ဖြစ်ခဲ့ပါသည်။

၁၄။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၊ မေလနှင့် ဇွန်လတို့၏ ပျမ်းမျှနိုင်ငံခြားငွေလဲလှယ်နှုန်း အတက်၊ အကျကို အောက်ပါ Bar Graph ဖြင့် ဖော်ပြထားပါသည်–

**ပျမ်းမျှနိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲမှုရာခိုင်နှုန်း**




| | အမေရိကန် (တစ်ဒေါ်လာ) | စင်ကာပူ (တစ်ဒေါ်လာ) | ဂျပန် (၁၀၀ ယန်း) | တရုတ် (တစ်ယွမ်) | ထိုင်း (တစ်ဘတ်) |
|---|---|---|---|---|---|
| ၁ ဧပြီလ | ၀.၉၃ | ၀.၂ | ၂. | -၄၅. | -၂.၃ |
| ၂ မေလ | -၀.၈ | -၀.၁ | -၁.၁၃ | ၇၂. | ၂.၃ |
| ၃ ဇွန်လ | -၀.၄ | ၁.၁ | -၁.၈ | ၄.၂ | ၂.၃ |

*Source: ဗဟိုဘဏ်ပေါက်ဈေး*


**မှတ်ချက်။** အထက်ပါပုံအရ (–) လက္ခဏာဆောင်သော ပျမ်းမျှနိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှုရာခိုင်နှုန်းများမှာ မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်ခဲ့သည်ကို ဖော်ပြနေပါသည်။[7]

[7] မြန်မာ့အလင်းသတင်းစာ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီ၊ မေနှင့်ဇွန်လထုတ်များမှ ရရှိထားပါသည်။

## စားသုံးသူဈေးဆန္ဒန်း (Consumer Price Index – CPI)

၁၅။ CPI သည် ကုန်စည်နှင့် ဝန်ဆောင်မှုအုပ်စုအားလုံး၏ အထွေထွေဈေးနှုန်းများ အချိန်ကာလအတန်ကြာမြင့်တက်နေခြင်း (Inflation) ကို တိုင်းတာသည့် အတိုင်းအတာတစ်ခု ဖြစ်ပါသည်။ ထိုသို့တိုင်းတာရာတွင် ဈေးနှုန်းပြောင်းလဲပြီး တည်ငြိမ်မှုမရှိသည့် ကုန်စည်အုပ်စုများဖြစ်သည့် အစားအစာအုပ်စုနှင့် လောင်စာဆီအုပ်စုများကို ဖယ်ရှား၍ တွက်ချက်ပြီး ၎င်းကို Core CPI ဟု ခေါ်ပါသည်။

### ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ မေလအထိ တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်း အခြေအနေ (အခြေခံနှစ် ၂၀၁၂ = ၁၀၀)





* အစားအစာနှင့် လောင်စာဆီမပါဝင်သော စားသုံးသူဈေးဆန္ဒန်း (Core Consumer Price Index)

၁၆။ အထက်ပါ Bar Chart အရ ၂၀၂၀ ပြည့်နှစ်အတွင်း မြန်မာနိုင်ငံ၏ တစ်နိုင်ငံလုံး စားသုံးသူဈေးဆနှုန်းအခြေအနေသည် ဇန်နဝါရီလတွင် ၁၆၁.၃၃ ရှိခဲ့သော်လည်း ကမ္ဘာ့ကပ်ရောဂါ အကျိုးဆက်ကြောင့် တဖြည်းဖြည်း ကျဆင်းလာခဲ့ကာ ဧပြီလတွင် ၁၆၀ အထိဖြစ်ပေါ်ခဲ့ပါသည်။ သို့သော် ၂၀၂၀ ပြည့်နှစ်၊ မေလတွင် အနည်းငယ်ပြန်လည်မြင့်တက်ခဲ့သော်လည်း ထူးခြားစွာ ပြောင်းလဲမှု မရှိကြောင်း တွေ့ရှိရပါသည်။

၁၇။ ၂၀၂၀ ပြည့်နှစ်၊ မေလတွင် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ပြည်ပမှတင်သွင်းသော လောင်စာဆီဈေးနှုန်းများ သိသိသာသာ မြင့်တက်လာပါသည်။ ထို့အပြင် ကမ္ဘာတစ်ဝန်းတွင် ခရီးသွားလာမ ဒေသအလိုက် ကန့်သတ်ချက် ဖြေလျှော့ထားခြင်းများ ရှိလာသဖြင့် လောင်စာဆီအသုံးပြုမှု အနည်းငယ်မြင့်တက်လာပြီး ပြည်တွင်းဓာတ်ဆီဈေးနှုန်းများလည်း

အနည်းငယ်မြင့်တက်လာခြင်း၊ နိုင်ငံတော်အစိုးရနှင့် ပရဟိတအသင်းအဖွဲ့များမှ အခြေခံလူတန်းစား အိမ်ထောင်စုများသို့ အခြေခံစားသောက်ကုန်ပစ္စည်းများ လှူဒါန်းထောက်ပံ့ပေးခြင်းများ ဆက်လက်ရှိနေခြင်းနှင့် ပြည်တွင်းရွှေဈေးနှုန်းများလည်း မြင့်တက်လာခြင်း ထို့ကြောင့် စားသုံးသူဈေးဆနှုန်းမှာ အနည်းငယ်မြင့်တက်ခဲ့ခြင်းဖြစ်ပါသည်။[8]

## ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ မေလအထိ မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်း





*အစားအစာနှင့် လောင်စာဆီမပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation)

၁၈။ မြန်မာနိုင်ငံ၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ စတင်၍ တဖြည်းဖြည်း ကျဆင်းသွားခဲ့ရာ မေလတွင် ၄.၂၁ ရာခိုင်နှုန်း သို့ရောက်ရှိခဲ့ပါသည်။ Covid – 19 ကပ်ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် အိမ်တွင်းနေထိုင်ခြင်း၊ ဈေးဝယ်စင်တာများ ပိတ်သိမ်းခြင်း၊ ကုန်သွယ်ရေးရပ်ဆိုင်းခြင်းများကြောင့် စားသုံးသူဝယ်နိုင်စွမ်းအား ကျဆင်းလာခြင်းကြောင့် ငွေကြေးဖောင်းပွမှုကို လျော့ကျစေခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ ကပ်ရောဂါအကျိုးဆက်အနေဖြင့် စီးပွားရေးကျဆင်းမှုသည် ငွေကျံ့မှု (Deflation) အခြေအနေသို့ အစပျိုးလျက်ရှိနေပြီး ၎င်းသည် ငွေကြေးဖောင်းပွမှုထက် ပိုမိုကြောက်မက်ဖွယ်ကောင်းပါသည်။ ဝယ်လိုအားကျဆင်းလာခြင်းကြောင့် ကုန်ထုတ်လုပ်မှုလည်းကျဆင်းလာနိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအားလုံးကို ထိခိုက်သွားနိုင်ပါကြောင်း တင်ပြအပ်ပါသည်။[9]

[8] file:///C:/Users/hluttawuser/Downloads/CPI%20&%20RI_May_2020.pdf
[9] https://myanmar.mmtimes.com/news/137441.html

## “ရွှေ” ပျမ်းမျှဈေးနှုန်းနှင့် ပြောင်းလဲမှုရာခိုင်နှုန်း

၁၉။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၊ မေလနှင့် ဇွန်လတို့၏ ရွှေတစ်ကျပ်သား (၁၅ ပဲရည်၊ ၁၆ ပဲရည်) ရှိသော ပျမ်းမျှဈေးနှုန်း အတက်၊ အကျကို Bar Graph ဖြင့် အောက်ပါအတိုင်း ဖော်ပြထား ပါသည်-





*Source: အောင်သမာဓိရွှေဆိုင်*

**မှတ်ချက်။** အထက်ပါပုံအရ ရွှေတစ်ကျပ်သား (၁၅ ပဲရည်နှင့် ၁၆ ပဲရည်) ပျမ်းမျှဈေးနှုန်းများမှာ မြင့်တက်ခဲ့ပါသည်။

၂၀။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၊ မေလနှင့် ဇွန်လတို့၏ ရွှေတစ်ကျပ်သား (၁၅ ပဲရည်နှင့်၁၆ ပဲရည်) ရှိသော ပျမ်းမျှဈေးနှုန်းပြောင်းလဲသည့်ရာခိုင်နှုန်းမှာ အောက်ပါအတိုင်းအတူတူပင်ဖြစ်ပါသည်-

**ရွှေတစ်ကျပ်သား ပျမ်းမျှဈေးနှုန်း ပြောင်းလဲမှု ရာခိုင်နှုန်း**





*Source: အောင်သမာဓိရွှေဆိုင်*

**မှတ်ချက်။** အထက်ပါပုံအရ ရွှေတစ်ကျပ်သားပျမ်းမျှဈေးနှုန်း ပြောင်းလဲမှုရာခိုင်နှုန်းမှာ ဧပြီလ တွင် ကျဆင်းခဲ့ပြီး ကျန် (၂) လတွင် ပြန်လည်မြင့်တက်ခဲ့ပါသည်။[10]

[10] မြန်မာ့အလင်းသတင်းစာ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီ၊ မေနှင့်ဇွန်လထုတ်များမှ ရရှိထားပါသည်။

## "စက်သုံးဆီ" ပျမ်းမျှစျေးနှုန်းနှင့် ပြောင်းလဲမှုရာခိုင်နှုန်း

၂၁။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၊ မေလနှင့် ဇွန်လတို့၏ စက်သုံးဆီပျမ်းမျှစျေးနှုန်း အတက်၊ အကျများကို Bar Graph ဖြင့် အောက်ပါအတိုင်း ဖော်ပြထားပါသည်-





*Source: မြန်မာနိုင်ငံစက်သုံးဆီများအသင်း*

**မှတ်ချက်။** အထက်ပါပုံအရ အောက်တိန်း 92 နှင့် အောက်တိန်း 95 တို့၏ ပျမ်းမျှစျေးနှုန်းတို့သည် သိသာစွာ အတက်၊ အကျ ဖြစ်ခဲ့သလို ကျန်စက်သုံးဆီ (၂) မျိုးမှာလည်း အနည်းငယ် အတက်၊ အကျ ဖြစ်ခဲ့ပါသည်။

၂၂။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၊ မေလနှင့် ဇွန်လတို့၏ စက်သုံးဆီပျမ်းမျှဈေးနှုန်းပြောင်းလဲသည့် ရာခိုင်နှုန်း အတက်၊ အကျများကို Line Graph ဖြင့် အောက်ပါအတိုင်း ဖော်ပြထားပါသည်–

**စက်သုံးဆီ ပျမ်းမျှဈေးနှုန်း ပြောင်းလဲမှု ရာခိုင်နှုန်း**




*Source: မြန်မာနိုင်ငံစက်သုံးဆီများအသင်း*

**မှတ်ချက်။** အထက်ပါပုံတွင် ဆုံမှတ်ကဲ့သို့ဖြစ်နေသော မေလအတွက် ပျမ်းမျှဈေးနှုန်းပြောင်းလဲမှုမှာ–

အောက်တိန်း 95 = ၁ %၊

ပရီမီယံဒီဇယ် (တစ်လီတာ) = ၁ % နှင့်

ဒီဇယ် (တစ်လီတာ) = ၂ % တို့သည် ဈေးနှုန်းကျဆင်းခဲ့ပြီး

အောက်တိန်း 92 = ၉ % သည် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

**ပုံတွင်ဖော်ပြထားသော (–) လက္ခဏာသည် ဈေးနှုန်းကျဆင်းမှုကို အဓိပ္ပါယ်ဆောင်ပါသည်။**[11]

[11] မြန်မာ့အလင်းသတင်းစာ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီ၊ မေနှင့် ဇွန်လထုတ်များမှ ရရှိထားပါသည်။

## စားသောက်ကုန်အချို့၏ ပျမ်းမျှဈေးနှုန်းနှင့်ပြောင်းလဲမှုရာခိုင်နှုန်း

၂၃။ စီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်နှင့် ညွှန်းကိန်းများ၊ အမှတ်စဉ် - ၂ တွင် ဈေးနှုန်းပြောင်းလဲမှုရှိသော စားသောက်ကုန် (၁၉) မျိုးကိုသာ ဖော်ပြခဲ့ပါသည်။ ဆက်လက်၍ အမှတ်စဉ် - ၃ တွင် ဈေးနှုန်းပြောင်းလဲမှုရှိသော စားသောက်ကုန် (၂၇) မျိုး ကို အောက်ပါဇယားဖြင့် ဖော်ပြထားပါသည်-

| စဉ် | အမျိုးအမည် | ပျမ်းမျှဈေးနှုန်း (ကျပ်) | | | ပျမ်းမျှဈေးနှုန်းပြောင်းလဲမှု (%) | | |
|---|---|---|---|---|---|---|---|
| | | ဧပြီ | မေ | ဇွန် | ဧပြီ | မေ | ဇွန် |
| ၁ | ဆန်(ဧည့်မထ အလတ်စား) | ၁၂၇၅ | ၁၂၃၁ | ၁၂၈၆ | ၁၁ | -၃ | ၅ |
| ၂ | ဆန်(ပေါ်ဆန်းမွှေး အလတ်စား) | ၂၃၀၀ | ၂၁၇၈ | ၂၂၈၆ | ၄ | -၅ | ၅ |
| ၃ | မြေပဲဆီ(ရှယ်) | ၇၃၅၀ | ၇၁၀၅ | ၇၅၀၀ | ၄ | -၃ | ၆ |
| ၄ | မြေပဲဆီ(အလတ်စား) | ၅၀၀၀ | ၄၇၃၇ | ၅၀၀၀ | ၂ | -၅ | ၆ |
| ၅ | နှမ်းဆီ | ၈၅၉၄ | ၈၅၂၆ | ၉၀၀၀ | ၇ | -၁ | ၆ |
| ၆ | စားအုန်းဆီ | ၂၂၅၀ | ၁၉၆၈ | ၁၈၀၀ | ၁၂ | -၁၃ | -၉ |
| ၇ | ကုလားပဲခြမ်း | ၃၀၀၀ | ၂၇၅၈ | ၂၅၅၂ | ၁၄ | -၈ | -၇ |
| ၈ | ပဲနီလေး | ၇၆၈၈ | ၇၂၈၉ | ၆၂၆၁ | ၅၃ | -၅ | -၁၄ |
| ၉ | ငရုတ်သီးခြောက်(အပု) | ၁၃၁၂၅ | ၁၂၈၁၆ | ၁၂၁၅၂ | -၁၆ | -၂ | -၅ |
| ၁၀ | ကြက်သွန်ဖြူ | ၈၀၀၀ | ၇၉၄၇ | ၇၀၀၀ | -၁ | -၁ | -၁၂ |
| ၁၁ | ကြက်သွန်နီ | ၁၅၅၆ | ၁၁၀၀ | ၁၀၀၀ | -၉ | -၂၉ | -၉ |
| ၁၂ | အာလူး | ၁၄၁၃ | ၁၁၃၇ | ၁၀၀၀ | ၁၆ | -၁၁ | -၁၂ |
| ၁၃ | ကြက်သား | ၅၆၂၅ | ၅၃၁၆ | ၇၄၅၇ | ၁၂ | -၅ | ၄၀ |
| ၁၄ | အမဲသား | ၁၅၆၂၅ | ၁၅၉၄၇ | ၁၅၀၀၀ | ၄ | ၂ | -၆ |
| ၂၁ | ဆိတ်သား | ၂၈၀၀၀ | ၂၇၆၈၄ | ၂၇၈၀၄ | ၀ | -၁ | ၁ |
| ၂၂ | ငါးခူ | ၁၄၃၇၅ | ၁၄၁၅၈ | ၁၄၉၃၅ | ၁၉ | -၂ | ၅ |
| ၂၃ | ငါးကျည်း | ၁၄၀၀၀ | ၁၂၉၇၄ | ၁၂၉၇၈ | ၁၀ | -၇ | ၀ |

| စဉ် | အမျိုးအမည် | ပျမ်းမျှဈေးနှုန်း (ကျပ်) | | | ပျမ်းမျှဈေးနှုန်းပြောင်းလဲမှု (%) | | |
|---|---|---|---|---|---|---|---|
| | | ဧပြီ | မေ | ဇွန် | ဧပြီ | မေ | ဇွန် |
| ၂၄ | ငါးသလောက် | ၂၁၁၈၈ | ၁၇၄၄၇ | ၁၆၅၂၂ | ၃၁ | ၃၁ | -၁၈ |
| ၂၅ | ငါးကြင်း | ၁၀၂၅၀ | ၈၇၆၃ | ၈၀၈၇ | ၂၂ | -၁၅ | -၈ |
| ၂၆ | ပုစွန်ထုပ် | ၁၈၆၈၈ | ၁၇၃၆၈ | ၁၇၃၀၄ | ၈ | -၇ | ၀ |
| ၂၇ | ပုစွန်ခြောက် | ၁၁၅၆၂ | ၁၁၁၅၈ | ၁၁၁၀၉ | -၂ | -၃ | -၁ |

**မှတ်ချက်။** ဧပြီလတွင် ငရုတ်သီးခြောက် (အပု)၊ ကြက်သွန်နီ၊ ပုစွန်ခြောက်နှင့် ကြက်သွန်ဖြူ စသည့် စားသောက်ကုန်များ ဈေးကျ၊

မေလတွင် အမဲသားမှလွဲ၍ ကျန်စားသောက်ကုန် (၂၆) မျိုး ဈေးကျ၊

ဇွန်လတွင် စားသောက်ကုန် (၂၇) မျိုးအနက် ဆန်၊ ဆီ၊ ဆိတ်သားနှင့် ငါးခူ စသည့် စားသောက်ကုန်များ ဈေးတက်ပြီး ကြက်သားဈေး သိသိသာသာမြင့်တက်၊

**ဇယားတွင်ဖော်ပြထားသော (-) လက္ခဏာသည် ဈေးနှုန်းကျဆင်းမှုကို အဓိပ္ပါယ် ဆောင်ပါသည်။**[12]

ဤစာတမ်းတိုအား ဒေါ်သီတာဖြူ (လ/ထညွှန်ကြားရေးမှူး) က ကြီးကြပ်၍ ဒေါ်ခင်မေသန်း (ဒု-ဦးစီးမှူး)၊ ဒေါ်ကြည်ဦး (ဒု-ဦးစီးမှူး)နှင့် ဒေါ်သန္တာဦး (အကြီးတန်းစာရေး) တို့မှ တာဝန်ယူ ရေးသားကာ သုတေသနဌာနမှအရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်း ဖြစ်ပါသည်။

သုတေသနဌာန
ပြည်သူ့လွှတ်တော်ရုံး

[12] https://www.mopfi.gov.mm/my/page/planning/central-statistical-organization-cso/967

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စတစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။